**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**

**အမှတ်(၉၇/၁)၊ အနောက်ရွှေဂုံတိုင်လမ်း**

**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

၂၀၁၁ ခုနှစ်၊ ဧပြီလ ( ၂၅ ) ရက်

၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ( ၇ ) ရက်

**ကြေညာချက်အမှတ်- ၇ / ၀၄ / ၁၁**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးက ၂၀၁၁ ခုနှစ်၊ ဧပြီလ (၅) ရက်နေ့တွင် စာအမှတ်-၀၂၈(စည်း) / ၀၄ / ၁၁ ဖြင့် ပေးပို့ခဲ့သော စာပါ အကြောင်းအရာများကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ၂၂-၄-၁၁ နေ့တွင် ကျင်းပသော အစည်းအဝေး ဆုံးဖြတ်ချက်အရ သိသာရန် ထုတ်ပြန်လိုက်ပါသည်။

"(စ)" အကြောင်းအရာ။ ။ **<u>တရားဥပဒေစိုးမိုးရေး။</u>**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်၌ ၂၀၁၁ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ အကြီးအကဲများ ပြည်ထောင်စုအစိုးရ အဖွဲ့ဝင် များအား မိန့်ခွန်းမြွက်ကြားခဲ့ရာတွင်-

"x x x နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ဖို့ အတွက် တရားဥပဒေစိုးမိုးရေးဟာ မဖြစ်မနေ လိုအပ်ပါတယ်။ x x x"ဟုလည်းကောင်း၊

"x x x တရားစီရင်ရေး အဖွဲ့အစည်းများအနေနဲ့ တရားဥပဒေစိုးမိုးရေးအတွက် လုပ်ဆောင်ရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေး၊ ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင်တရားစီရင်ရေး အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့် ရရှိရေးဆိုတဲ့ တရားစီရင်ရေးမူများအတိုင်း ရပ်တည်လုပ်ဆောင်သွားဖို့ လိုပါတယ်။x x x" ဟုလည်းကောင်း လမ်းညွှန်မြွက်ကြားခဲ့သည့်အတွက် ပြည်သူများ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလျက် ရှိကြပါသည်။ တရားဥပဒေစိုးမိုးရေးအတွက် အဓိကကျသော လမ်းညွှန်မှုအဖြစ် တွေ့ရှိရပါသည်။

အစိုးရအဖွဲ့သစ်မတိုင်မီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက် ကတည်းက ပြည်သူ့ရဲ့၊ သတင်းတပ်ဖွဲ့တို့ တရားစွဲတင်ခဲ့သော ပြစ်မှုများစွာကို အင်းစိန်အကျဉ်းထောင် ဝင်းအတွင်း စစ်ဆေး ကြားနာခဲ့ရာတွင် တရားစီရင်ရေးမူများနှင့် မကိုက်ညီသော လုပ်ဆောင်မှုများ ရှိခဲ့ပါသည်။ အထူးသဖြင့် "ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး" မူနှင့်ဆန့်ကျင် စစ်ဆေးခဲ့ပါသည်။ အစိုးရအဖွဲ့သစ် ပေါ်ပေါက်လာပြီးနောက် ယခုအချိန်အထိလည်း အင်းစိန်အကျဉ်းထောင်ဝင်းအတွင်း စစ်ဆေးကြားနာလျက်ရှိသော အမှုများတွင် စစ်ဆေးခံရသူများ၏ မိသားစုများ၊ အမှုကို စိတ်ဝင်စားမှုရှိသည့် ပြည်သူများ ဝင်ရောက်နားထောင်ခွင့်မရှိ ဆက်လက် ဖြစ်နေသည်ဟု သိရှိရပါသည်။

သို့ပါ၍ တရားဥပဒေစိုးမိုးမှု လုပ်ဆောင်ရာတွင် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ လုပ်ဆောင်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတကြီးအနေဖြင့် လိုအပ်သလို လမ်းညွှန်မှုပြုနိုင်ရန် အလေးအနက်ထား တင်ပြအပ်ပါသည်။

၄-၄-၁၁ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ။ "(ဆုံး)"

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့